## တိုင်းရင်းဆေးဝါးထုတ်လုပ်သူများသိရှိစေရန်

တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရန်အတွက် အရည်အသွေး စစ်မှန်ကောင်းမွန်ခြင်း၊ ဘေးဥပဒ်ကင်းခြင်း၊ အကျိုးသက်ရောက်မှုရှိခြင်းများကို ဦးတည်၍ မှတ်ပုံတင်ခွင့်ပြုခြင်း၊ သက်တမ်းတိုးခွင့်ပြုခြင်းနှင့် လိုင်စင် ထုတ်ပေးခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

ဆေးဝါးများ၏ အရည်အသွေးကို ထိန်းသိမ်းစေခြင်းငှာ ဈေးကွက်အတွင်းမှ တိုင်းရင်းဆေးဝါးများကို ပုံကျဝယ်ယူစစ်ဆေးခြင်း (Post Market Survey) များကို လည်း ဆောင်ရွက်လျက်ရှိပါသည်။

## ဓာတ်ခွဲစစ်ဆေးမှုများကို အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်။

| | | | |
|---|---|---|---|
| ၁။ | ကုန်ကြမ်းပစ္စည်းပါဝင်မှုစစ်ဆေးခြင်း | - | (Identification) |
| ၂။ | အနောက်တိုင်းဆေးဝါးနှင့်အခြားရောနှောမှုများစစ်ဆေးခြင်း | - | (Adulteration) |
| ၃။ | ပိုးမွှားကင်းစင်မှု စစ်ဆေးခြင်း | - | (Microbial Contamination) |
| ၄။ | ဆေးဝါး၏ သန့်ရှင်းမှု စစ်ဆေးခြင်း | - | (Impurities) |
| ၅။ | ဓာတုဗေဒပစ္စည်းများပါဝင်မှုစစ်ဆေးခြင်း | - | (Chemical Test) |
| ၆။ | ဓာတ်သတ္တုမာများ ပါဝင်မှုစစ်ဆေးခြင်း | - | (Heavy Metal) |

# စစ်ဆေးတွေ့ရှိချက်အပေါ် အရေးယူဆောင်ရွက်ခြင်း

| | | | |
|---|---|---|---|
| ၁။ | စစ်ဆေးမှု(၁)တွင် မှန်ကန်မှုမရှိပါက | - | မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်းတို့ခွင့်မပြု။ |
| ၂။ | စစ်ဆေးမှု(၂)တွင် ရောနှောမှုတွေ့ရှိပါက | - | မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်းတို့ကို ခွင့်မပြု။<br>(လိုင်စင်ရုပ်သိမ်းခြင်း၊ တ-ဆ သိမ်းခြင်း၊ သတင်းစာမှ ကြေညာခြင်း။) |
| ၃။ | စစ်ဆေးမှု(၃)(၄)တွင် မှန်ကန်မှုမရှိပါက | - | ဒုတိယအကြိမ်စစ်ဆေးခြင်း၊ သတိပေးခြင်း။<br>(ဒုတိယအကြိမ် စစ်ဆေး၍ မှန်ကန်မှုမရှိပါက မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်း ခွင့်မပြု) |
| ၄။ | စစ်ဆေးမှု(၅)(၆) တွင် သတ်မှတ်ချက်နှင့် မကိုက်ညီပါက | - | မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်းတို့ကို ခွင့်မပြု။ |